## အင်းဆက်နှင့်အင်းဆက်ထုတ်ကုန်ပစ္စည်းများတင်သွင်းခြင်းဆိုင်ရာလမ်းညွှန်ချက်များ

**စားသုံးမှုအတွက် အင်းဆက်နှင့်အင်းဆက်ထုတ်ကုန်ပစ္စည်းများတင်သွင်းမှု**

၁။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသည့် နေရာများတွင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စာရွက်စာတမ်းအထောက်အထားနှင့် Hazard Analysis Critical Control Point (HACCP)၊ Food Safety Management System (FSMS) plan တို့ကို ပူးတွဲလျက် SFA သို့ တင်ပြရမည်ဖြစ်သည်။

၂။ အင်းဆက်များကို တောတွင်းမှ ဖမ်းယူထားခြင်း မဟုတ်ကြောင်း၊ မြေဩဇာ၊ အော်ဂဲလ်နစ်ပစ္စည်းများ ပုပ်သိုးဆွေးမြေ့ခြင်း၊ ရောဂါဖြစ်ပွားခဲ့သည့် တိရိစ္ဆာန် သို့မဟုတ် ငါးတို့မှ ရရှိလာသည့် ပစ္စည်းများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း (ဥပမာ နို့နှင့် ချိစ်) အရိုးထုတ်ထားသည့် အသားဖြတ်စများမှလွဲ၍ စားမြုံ့ပြန်သည့် တိရိစ္ဆာန်များ (သိုး၊ ဆိတ်၊ နွား) တို့မှ ခန္ဓာအပိုင်းအစများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ ထုတ်ကုန်ကို သန့်ရှင်းသပ်ရပ်စွာ ထုတ်ပိုးထားခြင်း ဖြစ်ကြောင်း အတည်ပြုနိုင်ရန်အတွက် ကျန်းမာရေးထောက်ခံချက် (Health Certificate) ကို တင်ပို့မှုပြုလုပ်သည့်အခါတိုင်း တင်ပြရမည်ဖြစ်သည်။

၃။ အင်းဆက်အသစ်ကို စစ်ဆေးမှုအတွက် SFA အနေဖြင့် ယင်းအင်းဆက်၏ သိပ္ပံအမည်နှင့် စားသုံးမှုအတွက် အင်းဆက်၏အသက်အပိုင်းအခြား၊ မွေးမြူခြင်းနှင့် စားသုံးရန် ဆောင်ရွက်သည့်အဆင့် အသေးစိတ်၊ စင်ကာပူနိုင်ငံအပြင် နိုင်ငံတစ်ခုတွင် အစားအစာအဖြစ် စားသုံးကြောင်း မှတ်တမ်းအထောက်အထား၊ အင်းဆက်အမျိုးအစားနှင့် အင်းဆက်၏ အသက် အပိုင်းအခြားသည် စားသုံးမှုအတွက် စိတ်ချရကြောင်း သတင်းအချက်အလက်များ (ဥပမာ- scientific literature၊ ဓာတ်ခွဲခန်းအစီရင်ခံစာများ)၊ လျှောက်ထားသူ၏ လုပ်ငန်းအမည်နှင့် စင်ကာပူနိုင်ငံရှိ လိပ်စာစသည့် အချက်အလက်များ လိုအပ်မည်ဖြစ်သည်။

၄။ တိုက်ရိုက်စားသုံးမှု (အသင့်စားထုတ်ကုန်ပစ္စည်းများ - အင်းဆက်မုန့်အကြော်၊ အင်းဆက်အမှုန့်နှင့်ပြုလုပ်ထားသည့် protein bar) အတွက် တင်သွင်းခြင်းဖြစ်ပါက ထုတ်ကုန်ပစ္စည်းသည် ရောဂါဖြစ်စေသည့် ဘက်တီးရီးယားများကို ပိုးသတ်ရန် Bactericidal Process ပြုလုပ်ထားခြင်း သို့မဟုတ် လုံလောက်သည့် အပူချိန်ဖြင့် ပြုလုပ်ထားခြင်း၊ စားသုံးမှု အတွက် စိတ်ချရခြင်းစသည်တို့အတွက် ကျန်းမာရေးထောက်ခံချက် (Health Certificate) တင်ပြရမည်ဖြစ်သည်။

**အစာအဖြစ် မွေးမြူသည့် တိရိစ္ဆာန်များ (Food-producing animals) အတွက် အစာအဖြစ် တင်သွင်းမှု**

၅။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသည့် နေရာများတွင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စာရွက်စာတမ်းအထောက်အထားနှင့် Hazard Analysis Critical Control Point (HACCP)၊ Food Safety Management System (FSMS) plan တို့ကို ပူးတွဲလျက် SFA သို့ တင်ပြရမည်ဖြစ်သည်။

၆။ အင်းဆက်များကို တောတွင်းမှ ဖမ်းယူထားခြင်း မဟုတ်ကြောင်း၊ မြေဩဇာ၊ အော်ဂဲလ်နစ်ပစ္စည်းများ ပုပ်သိုးဆွေးမြေ့ခြင်း၊ ရောဂါဖြစ်ပွားခဲ့သည့် တိရိစ္ဆာန် သို့မဟုတ် ငါးတို့မှ ရရှိလာသည့်ပစ္စည်းများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း (ဥပမာ - နို့နှင့် ချိစ်) အရိုးထုတ်ထားသည့် အသားဖြတ်စများမှလွဲ၍ စားမြုံ့ပြန်သည့် တိရိစ္ဆာန်များ (သိုး၊ ဆိတ်၊ နွား) တို့မှ ခန္ဓာအပိုင်းအစများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ ထုတ်ကုန်ကို သန့်ရှင်းသပ်ရပ်စွာ ထုတ်ပိုးထားခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ရန်အတွက် ကျန်းမာရေးထောက်ခံချက် (Health Certificate) ကို တင်ပို့မှုပြုလုပ်သည့်အခါတိုင်း တင်ပြရမည်ဖြစ်သည်။

**အင်းဆက်အရှင်မွေးမြူရေးအတွက် တင်သွင်းမှု (စားသုံးမှုအတွက်)**

၇။ National Parks Board (NParks) ၏ ခွင့်ပြုချက်ရရှိရန် လိုအပ်သည်။

၈။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသည့် နေရာများတွင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စာရွက်စာတမ်းအထောက်အထားကို SFA သို့ တင်ပြရမည် ဖြစ်သည်။

၉။ အင်းဆက်များကို တောတွင်းမှ ဖမ်းယူထားခြင်း မဟုတ်ကြောင်း၊ မြေဩဇာ၊ အော်ဂဲလ်နစ်ပစ္စည်းများ ပုပ်သိုးဆွေးမြေ့ခြင်း၊ ရောဂါဖြစ်ပွားခဲ့သည့် တိရိစ္ဆာန် သို့မဟုတ် ငါးတို့မှ ရရှိလာသည့် ပစ္စည်းများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း (ဥပမာ နို့နှင့် ချိစ်) အရိုးထုတ်ထားသည့် အသားဖြတ်စများမှလွဲ၍ စားမြုံ့ပြန်သည့် တိရိစ္ဆာန်များ (သိုး၊ ဆိတ်၊ နွား) တို့မှ ခန္ဓာအပိုင်းအစများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း အတည်ပြုနိုင်ရန်အတွက် ကျန်းမာရေးထောက်ခံချက် (Health Certificate) ကို တင်ပို့မှုပြုလုပ်သည့်အခါတိုင်း တင်ပြရမည် ဖြစ်သည်။

၁၀။ အင်းဆက်အသစ်ကို စစ်ဆေးမှုအတွက် SFA အနေဖြင့် ယင်းအင်းဆက်၏ သိပ္ပံအမည်နှင့် စားသုံးမှုအတွက် အင်းဆက်၏အသက်အပိုင်းအခြား၊ မွေးမြူခြင်းနှင့် စားသုံးရန်

ဆောင်ရွက်သည့် အဆင့်အသေးစိတ်၊ စင်ကာပူနိုင်ငံအပြင် နိုင်ငံတစ်ခုတွင် အစားအစာအဖြစ် စားသုံးကြောင်း မှတ်တမ်းအထောက်အထား၊ အင်းဆက်အမျိုးအစားနှင့် အင်းဆက်၏ အသက် အပိုင်းအခြားသည် စားသုံးမှုအတွက် စိတ်ချရကြောင်း သတင်းအချက်အလက်များ (ဥပမာ - scientific literature၊ ခေတ်ခွဲခန်းအစီရင်ခံစာများ)၊ လျှောက်ထားသူ၏ လုပ်ငန်း အမည်နှင့် စင်ကာပူနိုင်ငံရှိလိပ်စာ စသည့်အချက်အလက်များ လိုအပ်မည် ဖြစ်သည်။

**အင်းဆက်အရှင်မွေးမြူရေးအတွက် တင်သွင်းမှု (တိရိစ္ဆာန်အစာအတွက်)**

၁၁။ National Parks Board (NParks) ၏ ခွင့်ပြုချက်ရရှိရန် လိုအပ်သည်။

၁၂။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသည့် နေရာများတွင် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း စာရွက်စာတမ်းအထောက်အထားကို SFA သို့ တင်ပြရမည် ဖြစ်သည်။

၁၃။ အင်းဆက်များကို တောတွင်းမှ ဖမ်းယူထားခြင်း မဟုတ်ကြောင်း၊ မြေဩဇာ၊ အော်ဂဲလ်နစ်ပစ္စည်းများ ပုပ်သိုးဆွေးမြေ့ခြင်း၊ ရောဂါဖြစ်ပွားခဲ့သည့် တိရိစ္ဆာန် သို့မဟုတ် ငါးတို့မှ ရရှိလာသည့် ပစ္စည်းများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်း (ဥပမာ နို့နှင့် ချိစ်) အရိုးထုတ်ထားသည့် အသားဖြတ်စများမှလွဲ၍ စားမြုံ့ပြန်သည့် တိရိစ္ဆာန်များ (သိုး၊ ဆိတ်၊ နွား) တို့မှ ခန္ဓာအပိုင်းအစများကို Feeding Substrates အဖြစ် အသုံးမပြုကြောင်း အတည်ပြုနိုင်ရန်အတွက် ကျန်းမာရေးထောက်ခံချက် (Health Certificate) ကို တင်ပို့မှုပြုလုပ်သည့်အခါတိုင်း တင်ပြရမည်ဖြစ်သည်။